# ငရုတ်ကောင်းတွင် ကျရောက်တတ်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

## (၄) ဘက်တီးရီးယားရွက်ပြောက်ရောဂါ (Bacterial leaf spot)

**ရောဂါဖြစ်စေသက်ရှိ -** ***Xanthomonas campestris*** **pv.** ***betlicola***

**ရောဂါလက္ခဏာများ**

အရွက်ပေါ်နှင့် ရွက်နားတွင်သေးငယ်သောရေစိုနာကွက်များဖြစ်ပေါ်သည်။ နောက်ပိုင်း တွင် ရောဂါကွက်သည်အမည်းရောင်ဖြစ်သွားပြီး အစိမ်းရောင်ပျောက်နေသောအရစ်ဖြင့် ဝိုင်းရံထားသည်။ ရောဂါကွက်များပေါင်းစပ်သွားပြီး အရွက်များခြောက်ကာ ကြွေကျသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရကြွေရွက်များနှင့်ပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- နေရောင်ခြည်နှင့်လေဝင်လေထွက်ကောင်းမွန်စေရန် ငရုတ်ကောင်းတွယ်ကပ်ပေါက်ရောက်ရာမှီခိုပင်၏ အကိုင်းများအား ကိုင်းချိုင် ခြင်း ပြုလုပ်ပါ။
- အပင်အဟာရဓါတ်ပြည့်စုံအောင် ကျွေးပါ။

- ရောဂါကွက်စတင်တွေ့ရှိပါက Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Bismerthiazol (ဗစ်မာသီယာဇိုးလ်)၊ Kasugamycin (ကာစူဂါမိုင်စင်) စသော ဘက်တီးရီးယား သတ်ဆေး များပက်ဖျန်းပါ။